**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**အမိန့်ကြော်ငြာစာအမှတ်  ၂ /၂၀၂၄**

၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်

(၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

**ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုလက်မှတ်နှင့် တတ်ကျွမ်းမှုလက်မှတ်များထုတ်ပေးခြင်းဆိုင်ရာ သတ်မှတ်ချက်များ**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေ ပုဒ်မ ၂၉၄-ခ၊ ပုဒ်မခွဲ (ခ) နှင့် ရေယာဉ်မှူး၊ အရာရှိများနှင့်သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့်တတ်ကျွမ်းမှုလက်မှတ်များထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ နည်းဥပဒေ ၂၅ နှင့် နည်းဥပဒေ ၂၆ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)

## အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤအမိန့်ကြော်ငြာစာတွင်ပါရှိသော စကားရပ်များသည် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေနှင့် ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့်တတ်ကျွမ်းမှုလက်မှတ်များထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အရာရှိ** ဆိုသည်မှာ ရေယာဉ်မှူးနှင့် သင်္ဘောအမှုထမ်းမှအပ ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုလက်မှတ်များ ထုတ်ပေး

ခြင်းဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက် သို့မဟုတ် သင်္ဘောဝန်ထမ်းများအလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ် သို့မဟုတ် စုပေါင်းညှိနှိုင်းသဘောတူစာချုပ်ဖြင့် ခန့်အပ်ထားသည့် သင်္ဘောအရာထမ်းကို ဆိုသည်။

(ခ) **ရေကြောင်းအရာရှိ** ဆိုသည်မှာ လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ စည်းမျဉ်း ၂/၁ သို့မဟုတ် ၂/၂ သို့မဟုတ် ၂/၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဦးစီးဌာနက ထုတ်ပေးထားသော ကုန်းပတ်အရာရှိ ကျွမ်းကျင်မှုလက်မှတ် သို့မဟုတ် ထပ်ဆင့်ထောက်ခံချက်လက်မှတ်ကိုင်ဆောင်ထားသူကို ဆိုသည်။

(ဂ) **ပထမရေကြောင်းအရာရှိ** ဆိုသည်မှာ ရေကြောင်းအရာရှိများကိုအုပ်ချုပ်သည့် ရေကြောင်းအရာရှိဖြစ်ပြီး ရေယာဉ်မှူးမရှိလျှင် သင်္ဘောကိုကြီးကြပ်အုပ်ချုပ်သူ သို့မဟုတ် ဦးစီးသူအဖြစ် တာဝန်ထမ်းဆောင်ရမည့်အရာရှိကို ဆိုသည်။

(ဃ) **ရေကြောင်းအင်ဂျင်နီယာအရာရှိ** ဆိုသည်မှာ လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ စည်းမျဉ်း ၃/၁ သို့မဟုတ် ၃/၂ သို့မဟုတ် ၃/၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဦးစီးဌာနက ထုတ်ပေးထားသော ရေကြောင်းအင်ဂျင်နီယာအရာရှိ ကျွမ်းကျင်မှုလက်မှတ် သို့မဟုတ် ထပ်ဆင့်ထောက်ခံချက်လက်မှတ်ကိုင်ဆောင်ထားသူကို ဆိုသည်။

(င) **ရေကြောင်းအင်ဂျင်နီယာမှူး** ဆိုသည်မှာ ရေကြောင်းအင်ဂျင်နီယာ အရာရှိများကို အုပ်ချုပ်သည့် အင်ဂျင်နီယာမှူးဖြစ်ပြီး သင်္ဘော၏ ပင်မစက်မောင်းနှင်ခြင်းနှင့် သင်္ဘောတွင်တပ်ဆင်ထားသော စက်ပိုင်းဆိုင်ရာနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ မောင်းနှင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများအတွက် ကြီးကြပ်တာဝန်ယူရမည့် အင်ဂျင်နီယာအရာရှိကို ဆိုသည်။

(စ) **ဒုတိယရေကြောင်းအင်ဂျင်နီယာအရာရှိ** ဆိုသည်မှာ ရေကြောင်းအင်ဂျင်နီယာမှူး၏ တစ်ဆင့်နိမ့်ရာထူး ထမ်းဆောင်သူဖြစ်ပြီး ရေကြောင်းအင်ဂျင်နီယာမှူးမရှိလျှင် သင်္ဘော၏ ပင်မစက်မောင်းနှင်ခြင်းနှင့် သင်္ဘောတွင်တပ်ဆင်ထားသော စက်ပိုင်း

ဆိုင်ရာနှင့် လျှပ်စစ်ပိုင်းဆိုင်ရာမောင်းနှင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများအတွက် ကြီးကြပ်တာဝန်ယူရမည့် အင်ဂျင်နီယာအရာရှိကို ဆိုသည်။

(ဆ) **တာဝန်ကျရေကြောင်းအရာရှိ** ဆိုသည်မှာ လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်း ဆိုင်ရာကွန်ဗင်းရှင်း၏ စည်းမျဉ်း ၂/၁ နှင့်အညီ ဦးစီးဌာနက ထုတ်ပေးထားသော ကျွမ်းကျင်မှုလက်မှတ်ကိုင်ဆောင်ထားပြီး လုံးပေါင်းတန်ချိန် ၅၀၀ နှင့်အထက် ပင်လယ်ပြင်သွားသင်္ဘောများတွင် သင်္ဘောမောင်းနှင်ခန်း (Navigation Bridge) ၌ တာဝန်ကျအရာရှိအဖြစ် ထမ်းဆောင်နိုင်သူကို ဆိုသည်။

(ဇ) **တာဝန်ကျရေကြောင်းအင်ဂျင်နီယာအရာရှိ** ဆိုသည်မှာ လေ့ကျင့်ခြင်းနှင့် လက်မှတ် ထုတ်ပေးခြင်းဆိုင်ရာကွန်ဗင်းရှင်း၏ စည်းမျဉ်း ၃/၁ နှင့်အညီ ဦးစီးဌာနက ထုတ်ပေး ထားသော ကျွမ်းကျင်မှုလက်မှတ် ကိုင်ဆောင်ထားပြီး ပင်မစက်မောင်းနှင်မှု စွမ်းအား ကီလိုဝပ် ၇၅၀ နှင့်အထက်ရှိ ပင်လယ်ပြင်သွားသင်္ဘောများတွင် စက်ခန်း (Engine-room) ၌ တာဝန်ကျအရာရှိအဖြစ် ထမ်းဆောင်နိုင်သူကို ဆိုသည်။

(ဈ) **လျှပ်စစ်နည်းပညာအရာရှိ** ဆိုသည်မှာ လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်း ဆိုင်ရာကွန်ဗင်းရှင်း၏ စည်းမျဉ်း ၃/၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဦးစီးဌာနက ထုတ်ပေးထားသော လျှပ်စစ်နည်းပညာအရာရှိကျွမ်းကျင်မှုလက်မှတ် သို့မဟုတ် ထပ်ဆင့်ထောက်ခံချက်လက်မှတ်ကိုင်ဆောင်ထားသူကို ဆိုသည်။

(ည) **ပင်မစက်မောင်းနှင်မှုစွမ်းအား** ဆိုသည်မှာ သင်္ဘောမှတ်ပုံတင်လက်မှတ်တွင် ကီလိုဝပ်ဖြင့်ဖော်ပြထားသည့် သင်္ဘော၏ပင်မစက်မောင်းနှင်မှုစွမ်းအား၏ စုစုပေါင်း အမြင့်ဆုံး ဆက်တိုက်ထုတ်ပေးနိုင်သည့် မောင်းနှင်စွမ်းအားကို ဆိုသည်။

(ဋ) **ထပ်ဆင့်ထောက်ခံချက်လက်မှတ်** ဆိုသည်မှာ လေ့ကျင့်ခြင်းနှင့်လက်မှတ် ထုတ်ပေး ခြင်းဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံမှ ထုတ်ပေးထားသော ကျွမ်းကျင်မှု လက်မှတ်အား မြန်မာရေယာဉ်များတွင် တာဝန်ထမ်းဆောင်ရန် ဦးစီးဌာနက ထပ်ဆင့်ထောက်ခံ၍ ထုတ်ပေးသည့် လက်မှတ်ကို ဆိုသည်။

## အခန်း (၂)

## လက်မှတ်များထုတ်ပေးခြင်းနှင့် သက်တမ်းတိုးခြင်းဆိုင်ရာ သတ်မှတ်ချက်များ

### ကျွမ်းကျင်မှုလက်မှတ်၊ တတ်ကျွမ်းမှုလက်မှတ်နှင့် ထပ်ဆင့်ထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်း

၂။ ဦးစီးဌာနသည်–

(က) သက်ဆိုင်ရာကျွမ်းကျင်မှုလက်မှတ်များကို လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကုဒ် ပုဒ်မ က– ၁/၂ (STCW Code, Section A– I/ 2) အရ စွမ်းဆောင်နိုင်မှုအဆင့်အတန်းနှင့် လိုအပ်ပါက ကန့်သတ်ချက်များ သတ်မှတ်ပြီး ထုတ်ပေးရမည်။

(ခ) သက်ဆိုင်ရာတတ်ကျွမ်းမှုလက်မှတ်နှင့် ထပ်ဆင့်ထောက်ခံချက် လက်မှတ်များကို လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း စည်းမျဉ်း ၁/ ၂ (STCW Convention, Regulation I/ 2) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွမ်းဆောင်နိုင်မှုအဆင့်အတန်းသတ်မှတ်ပြီး ထုတ်ပေးရမည်။

(ဂ) ကျွမ်းကျင်မှုလက်မှတ်၊ တတ်ကျွမ်းမှုလက်မှတ်နှင့် ထပ်ဆင့်ထောက်ခံချက် လက်မှတ်များအား သက်တမ်းမကုန်ဆုံးမီ သို့မဟုတ် သက်တမ်းကုန်ဆုံးပြီးနောက် လေ့ကျင့်ခြင်းနှင့် လက်မှတ် ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း စည်းမျဉ်း ၁/ ၁၁ (STCW Convention, Regulation I/ 11) ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်လျှင် သက်တမ်းတိုးပေးရမည်။

(ဃ) အပိုဒ် (က) နှင့် (ခ) တို့ပါ လက်မှတ် များကို အင်္ဂလိပ်ဘာသာဖြင့် ဖြစ်စေ၊ မြန်မာ–အင်္ဂလိပ်နှစ်ဘာသာဖြင့်ဖြစ်စေ ထုတ်ပေးရမည်။

### ကျွမ်းကျင်မှုလက်မှတ်နှင့် တတ်ကျွမ်းမှုလက်မှတ်များကိုစာအုပ်အဖြစ် စုစည်းထုတ်ပေးခြင်း

၃။ ဦးစီးဌာနသည်–

(က) ရေယာဉ်မှူးနှင့် အရာရှိများအတွက် သက်ဆိုင်ရာ ကျွမ်းကျင်မှုလက်မှတ်စာအုပ်ကို ထုတ်ပေးရမည်။

(ခ) သင်္ဘောသားများအတွက် သက်ဆိုင်ရာ တတ်ကျွမ်းမှုလက်မှတ်စာအုပ်ကို ထုတ်ပေးရမည်။

(ဂ) ကျွမ်းကျင်မှုလက်မှတ်၊ တတ်ကျွမ်းမှုလက်မှတ်နှင့် ထပ်ဆင့်ထောက်ခံချက်လက်မှတ်များကို ကျွမ်းကျင်မှုလက်မှတ်၊ တတ်ကျွမ်းမှုလက်မှတ်နှင့် ထပ်ဆင့်ထောက်ခံချက်လက်မှတ် ထုတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ပေးရမည်။

**လုပ်ငန်းတာဝန်များနှင့် တာဝန်အဆင့်သတ်မှတ်ချက်များ**

၄။ (က) ဦးစီးဌာနသည် ကျွမ်းကျင်မှုလက်မှတ် သို့မဟုတ် တတ်ကျွမ်းမှုလက်မှတ်များ ထုတ်ပေးရာတွင် အောက်ပါလုပ်ငန်းတာဝန် (၇) ရပ် အနက် သက်ဆိုင်ရာလုပ်ငန်းတာဝန်များကို အတိအလင်းဖော်ပြရမည်-

(၁) သင်္ဘောမောင်းနှင်သွားလာခြင်း၊

(၂) ကုန်စည်အတင်အချနှင့် သိုလှောင်ခြင်း၊

(၃) သင်္ဘောလုပ်ငန်းဆောင်ရွက်မှုကို ထိန်းချုပ်ခြင်းနှင့် သင်္ဘောပေါ်ရှိလူများကို စောင့်ရှောက်ခြင်း၊

(၄) ရေကြောင်းအင်ဂျင်နီယာဆိုင်ရာ၊

(၅) လျှပ်စစ်၊ အီလက်ထရွန်နစ်နှင့် ထိန်းချုပ်မှုအင်ဂျင်နီယာဆိုင်ရာ၊

(၆) ထိန်းသိမ်းခြင်းနှင့် ပြုပြင်ခြင်း၊

(၇) ရေဒီယိုဆက်သွယ်ရေး။

(ခ) ဦးစီးဌာနသည် ကျွမ်းကျင်မှုလက်မှတ် သို့မဟုတ် တတ်ကျွမ်းမှုလက်မှတ်များ ထုတ်ပေးရာတွင် အောက်ပါလုပ်ငန်းတာဝန်အဆင့်များကို ခွဲခြားသတ်မှတ်၍ ဖော်ပြရမည်-

(၁) စီမံခန့်ခွဲမှုအဆင့်၊

(၂) လုပ်ဆောင်မှုအဆင့်၊

(၃) ပံ့ပိုးမှုအဆင့်။

**လက်မှတ်အမျိုးအစားများ**

၅။ ဦးစီးဌာနသည်-

(က) စီမံခန့်ခွဲမှုအဆင့်၊ လုပ်ဆောင်မှုအဆင့်များနှင့်စပ်လျဉ်းသည့် ကျွမ်းကျင်မှုလက်မှတ်များကို အောက်ပါဇယားအတိုင်း သတ်မှတ်ထုတ်ပေးရမည်-

| **စီမံခန့်ခွဲမှုအဆင့် (ရေကြောင်း)** | |
|---|---|
| ကုန်းပတ်အရာရှိအဆင့် (၁) | ရေယာဉ်မှူး<br>(အပြည်ပြည်ဆိုင်ရာခရီးစဉ်သွား) |
| ကုန်းပတ်အရာရှိအဆင့် (၂) | ပထမရေကြောင်းအရာရှိ<br>(အပြည်ပြည်ဆိုင်ရာခရီးစဉ်သွား) |
| ကုန်းပတ်အရာရှိအဆင့်(၄) | ရေယာဉ်မှူး<br>(အိမ်နီးချင်းကမ်းရိုးတန်းခရီးစဉ်သွား) |
| ကုန်းပတ်အရာရှိအဆင့် (၅) | ပထမရေကြောင်းအရာရှိ<br>(အိမ်နီးချင်းကမ်းရိုးတန်းခရီးစဉ်သွား) |

| လုပ်ဆောင်မှုအဆင့် (ရေကြောင်း) | |
|---|---|
| ကုန်းပတ်အရာရှိအဆင့်(၃) | တာဝန်ကျရေကြောင်းအရာရှိ |
| ရေဒီယိုဆက်သွယ်ရေးအရာရှိ | ရေဒီယိုဆက်သွယ်ရေးအရာရှိ |

| စီမံခန့်ခွဲမှုအဆင့်(ရေကြောင်းအင်ဂျင်နီယာ) | |
|---|---|
| ရေကြောင်းအင်ဂျင်နီယာ အရာရှိအဆင့် (၁) | ရေကြောင်းအင်ဂျင်နီယာမှူး (အပြည့်ပြည့်ဆိုင်ရာခရီးစဉ်သွား) |
| ရေကြောင်းအင်ဂျင်နီယာ အရာရှိအဆင့်(၂) | ဒုတိယရေကြောင်းအင်ဂျင်နီယာအရာရှိ (အပြည့်ပြည့်ဆိုင်ရာခရီးစဉ်သွား) |
| ရေကြောင်းအင်ဂျင်နီယာ အရာရှိအဆင့်(၄) | ရေကြောင်းအင်ဂျင်နီယာမှူး (ပင်မစက်မောင်းနှင်မှုစွမ်းအား ကီလိုဝပ်၃၀၀၀ အောက်) |
| ရေကြောင်းအင်ဂျင်နီယာ အရာရှိအဆင့်(၅) | ဒုတိယရေကြောင်းအင်ဂျင်နီယာအရာရှိ (ပင်မစက်မောင်းနှင်မှုစွမ်းအား ကီလိုဝပ်၃၀၀၀ အောက်) |
| **လုပ်ဆောင်မှုအဆင့်(ရေကြောင်းအင်ဂျင်နီယာ)** | |
| ရေကြောင်းအင်ဂျင်နီယာ အရာရှိအဆင့် (၃) | တာဝန်ကျရေကြောင်းအင်ဂျင်နီယာအရာရှိ |
| လျှပ်စစ်နည်းပညာအရာရှိ | လျှပ်စစ်နည်းပညာအရာရှိ |

(ခ) ပွဲပိုးမှုအဆင့်တွင် ကုန်းပတ်၊ စက်ခန်း၊ စားဖိုမှူးနှင့် အခြားအဆင့် သင်္ဘောသားများ အတွက် တတ်ကျွမ်းမှုလက်မှတ်များကို ထုတ်ပေးရမည်။

**ကန့်သတ်ချက်များ**

၆။ ဦးစီးဌာနသည် ကျွမ်းကျင်မှုလက်မှတ် သို့မဟုတ် တတ်ကျွမ်းမှုလက်မှတ်များ ထုတ်ပေးရာတွင် အောက်ဖော်ပြပါ ကန့်သတ်ချက်များကိုလိုအပ်သလို ထည့်သွင်းဖော်ပြရမည်-

(က) သင်္ဘောလုံးပေါင်းတန်ချိန်ကန့်သတ်ချက်၊

(ခ) တာဝန်အဆင့်ကန့်သတ်ချက်၊

(ဂ) ခရီးစဉ်ကန့်သတ်ချက်၊

(ဃ) ပင်မစက်မောင်းနှင်မှုစွမ်းအားကန့်သတ်ချက်၊

(င) သင်္ဘောအမျိုးအစားကန့်သတ်ချက်၊

(စ) စက်ပစ္စည်းကိရိယာဆိုင်ရာကန့်သတ်ချက်၊

(ဆ) အခြားကန့်သတ်ချက်များ။

**အခန်း (၃)**

**လက်မှတ်ပုံစံများ**

**ကျွမ်းကျင်မှုလက်မှတ်နှင့်တတ်ကျွမ်းမှုလက်မှတ်ပုံစံ**

၇။ ဦးစီးဌာနသည် ကျွမ်းကျင်မှုလက်မှတ်အား နောက်ဆက်တွဲ(က)နှင့် တတ်ကျွမ်းမှုလက်မှတ်အား နောက်ဆက်တွဲ (ခ) တို့တွင် ဖော်ပြထားသည့် လက်မှတ်ပုံစံဖြင့် ထုတ်ပေးရမည်။

**ထပ်ဆင့်ထောက်ခံချက်လက်မှတ်ပုံစံ**

၈။ ဦးစီးဌာနသည် နိုင်ငံခြားကျွမ်းကျင်မှုလက်မှတ်အပေါ်ထုတ်ပေးသည့် ထပ်ဆင့်ထောက်ခံချက်လက်မှတ်အား နောက်ဆက်တွဲ (ဂ) တွင် ဖော်ပြထားသည့် လက်မှတ်ပုံစံဖြင့် ထုတ်ပေးရမည်။

**သီးခြားတတ်ကျွမ်းမှုလက်မှတ်ပုံစံ**

၉။ ဦးစီးဌာနသည် ကျွမ်းကျင်မှုလက်မှတ်နှင့် တတ်ကျွမ်းမှုလက်မှတ်စာအုပ်ထဲတွင် ထည့်သွင်းမထားသော သီးခြားတတ်ကျွမ်းမှုလက်မှတ်အား နောက်ဆက်တွဲ (ဃ) တွင် ဖော်ပြထားသည့် လက်မှတ်ပုံစံဖြင့် ထုတ်ပေးရမည်။

**အီလက်ထရွန်နစ်လက်မှတ်ပုံစံ**

၁၀။ ဦးစီးဌာနသည် ကျွမ်းကျင်မှုလက်မှတ်၊ တတ်ကျွမ်းမှုလက်မှတ်နှင့် နိုင်ငံခြားကျွမ်းကျင်မှုလက်မှတ်အပေါ် ထုတ်ပေးသော ထပ်ဆင့်ထောက်ခံချက်လက်မှတ်တို့ကို အွန်လိုင်းစနစ်ဖြင့် စစ်မှန်မှုရှိ မရှိ စစ်ဆေးနိုင်သည့် အီလက်ထရွန်နစ်လက်မှတ်ပုံစံဖြင့် ထုတ်ပေးနိုင်သည်။

## အခန်း (၄)

## ကျွမ်းကျင်မှုလက်မှတ်နှင့် တတ်ကျွမ်းမှုလက်မှတ်များ၊ ထပ်ဆင့်ထောက်ခံချက်လက်မှတ်များအား မှတ်တမ်းတင်ခြင်း၊ သိမ်းဆည်းခြင်းနှင့် မှန်ကန်ကြောင်းစိစစ်ပြန်ကြားခြင်း

**မှတ်တမ်းတင်ထားရှိခြင်း**

၁၁။ (က) ဦးစီးဌာနသည် ရေယာဉ်မှူး၊ အရာရှိနှင့် သင်္ဘောသားများအတွက် ထုတ်ပေးထားသော ကျွမ်းကျင်မှုလက်မှတ် သို့မဟုတ် တတ်ကျွမ်းမှုလက်မှတ်များနှင့် ထပ်ဆင့်ထောက်ခံချက်လက်မှတ်များအားလုံးနှင့် စပ်လျဉ်းသည့် အောက်ပါအချက်အလက်များကို မှတ်တမ်းစာအုပ်ဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ မှတ်တမ်းတင်သိမ်းဆည်းထားရှိရမည်-

(၁) ကျွမ်းကျင်မှုလက်မှတ်၊ တတ်ကျွမ်းမှုလက်မှတ်နှင့် ထပ်ဆင့်ထောက်ခံချက်လက်မှတ်တို့၏ သက်တမ်း၊ ယာယီရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊ ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်းစသည့် အခြေအနေများ၊

(၂) ကျွမ်းကျင်မှုလက်မှတ်၊ တတ်ကျွမ်းမှုလက်မှတ်နှင့် ထပ်ဆင့်ထောက်ခံချက် လက်မှတ် ကိုင်ဆောင်သူတို့၏ အမည်၊ မွေးသက္ကရာဇ်၊ လူမျိုး၊ လိင်၊ ဓာတ်ပုံ၊ လက်မှတ်အမှတ်နှင့် ထုတ်ပေးသည့်ရက်စွဲ၊ သက်တမ်းကုန်ဆုံးရက်၊ နောက်ဆုံးသက်တမ်းတိုးခဲ့သည့်ရက်စွဲနှင့် အခြားသော အသေးစိတ် အချက်အလက်များ၊

(၃) ကျွမ်းကျင်မှု၊ တတ်ကျွမ်းမှု တို့နှင့်စပ်လျဉ်း၍ လေ့ကျင့်ခြင်းနှင့် လက်မှတ် ထုတ်ပေးခြင်းဆိုင်ရာကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်၊ ရည်ညွှန်းဥပဒေ၊ ရာထူး အဆင့်၊ လုပ်ငန်းတာဝန်နှင့်အဆင့်များ၊ ထပ်ဆင့်ထောက်ခံချက်နှင့် ကန့်သတ်ချက်များ၊

(၄) ကျန်းမာရေးဆေးစစ်ချက်လက်မှတ်ဆိုင်ရာ အသေးစိတ်အချက်အလက်များ။

(ခ) ဦးစီးဌာနသည် လေ့ကျင့်ခြင်းနှင့်လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ စည်းမျဉ်း ၁/၂၊ အပိုဒ် ၁၅ အရ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ရေကြောင်း အာဏာပိုင်များ၊ သင်္ဘောကုမ္ပဏီ၊ သင်္ဘောပိုင်ရှင် သို့မဟုတ် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း များက အောက်ပါ အီလက်ထရွန်နစ်မှတ်တမ်းများကို လုံခြုံမှုအဆင့် သတ်မှတ်၍ အကန့်အသတ်ဖြင့် ဝင်ရောက်ကြည့်ရှုနိုင်ရန် မှတ်တမ်းတင်ထားရှိရမည်-

(၁) ကျွမ်းကျင်မှုလက်မှတ်၊ တတ်ကျွမ်းမှုလက်မှတ်၊ ထပ်ဆင့်ထောက်ခံချက် လက်မှတ် သို့မဟုတ် အခြားအရည်အချင်း သတ်မှတ်ချက်အလိုက် ထုတ်ပေး ထားသည့် သင်္ဘောသား၏ အမည်၊ လက်မှတ်အမှတ်၊ ထုတ်ပေးသည့်ရက်စွဲ နှင့် သက်တမ်းကုန်ဆုံးသည့်ရက်စွဲ၊

(၂) ကျွမ်းကျင်မှုလက်မှတ်၊ တတ်ကျွမ်းမှုလက်မှတ် သို့မဟုတ် ထပ်ဆင့် ထောက်ခံချက်လက်မှတ် ကိုင်ဆောင်သူ ထမ်းဆောင်နိုင်သည့် ရာထူးအဆင့် နှင့်ကန့်သတ်ချက်များ၊

(၃) ကျွမ်းကျင်မှုလက်မှတ်၊ တတ်ကျွမ်းမှုလက်မှတ် သို့မဟုတ် ထပ်ဆင့်ထောက်ခံချက်လက်မှတ် ကိုင်ဆောင်သူ ထမ်းဆောင်နိုင်သည့် လုပ်ငန်းတာဝန်များ၊ အဆင့်များနှင့် ကန့်သတ်ချက်များ။

**လက်မှတ်မှန်ကန်ကြောင်းစိစစ်ပြန်ကြားခြင်း**

၁၂။ ဦးစီးဌာနသည်-

(က) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ရေကြောင်းအာဏာပိုင်များ၊ သင်္ဘောကုမ္ပဏီ၊ သင်္ဘောပိုင်ရှင် သို့မဟုတ် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက ကျွမ်းကျင်မှုလက်မှတ် သို့မဟုတ် တတ်ကျွမ်းမှုလက်မှတ်များအား စစ်မှန်မှု ရှိ မရှိ မေးမြန်းလာမှုအပေါ် စိစစ်၍ စစ်မှန်မှု ရှိ မရှိ ပြန်ကြားပေးရမည်။

(ခ) အပိုဒ်ခွဲ (က) အရ ပြန်ကြားပေးရာတွင် အလိုအလျောက် အွန်လိုင်းစနစ်ဖြင့် ဝင်ရောက်ကြည့်ရှုနိုင်ရန် ဝက်ဆိုဒ်တစ်ခု ထူထောင်ထားရှိနိုင်သည်။

Ko Ko Naing

ဒေါက်တာကိုကိုနိုင်

ညွှန်ကြားရေးမှူးချုပ်(တာဝန်)

စာအမှတ်၊ ရညန/အမိန့်ကြော်ငြာစာ/ ၂၅၁

ရက်စွဲ၊ ၂၀၂၄ ခုနှစ် ၊ ဖေဖော်ဝါရီလ ၁၄ ရက်

**ဖြန့်ဝေခြင်း**

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

မြန်မာ့သင်္ဘောကျင်းလုပ်ငန်း

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်

မြန်မာနိုင်ငံ ကုန်သွယ်ရေးကြောင်းကောလိပ်

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန

} ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြန်တမ်း အပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်ပေးပို့ပါသည်။

**မိတ္တူကို**

- ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊
- ဥပဒေရေးရာဝန်ကြီးဌာန၊
- ရုံးလက်ခံ။

**နောက်ဆက်တွဲ(က)**

## စီမံခန့်ခွဲမှုအဆင့် (Management Level) ကျွမ်းကျင်မှုလက်မှတ်ပုံစံ

**PARTICULARS OF HOLDER**



Hole

| | |
|---|---|
| Name: | TUN TUN |
| SIRB No.: | xxxxx |
| Date of birth: | dd-mmm-yyyy |
| Gender: | MALE |
| Distinguishing mark | xxxxxxxxxx |
| Certificate No. | 1DKxxxxxx |
| Date of issue: | dd-mmm-yyyy |
| Place of issue: | Yangon |

**Signature of holder**

Online verification: http://www.dmamyanmar.org

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR

မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေပုဒ်မ ၂၁ နှင့်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏
အမိန့်ကြော်ငြာစာအမှတ် xxx/၂၀xx
အရထုတ်ပေးသည်။

Issued under the provisions of the Myanmar Merchant Shipping Act Section 21 and the Notification No.xxx/20xx of the Ministry of Transport and Communications

TUN TUN

Who is entitled to serve in the capacity of

Deck Officer Class I

MASTER

(1)

THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF TRANSPORT AND COMMUNICATIONS
DEPARTMENT OF MARINE ADMINISTRATION

**CERTIFICATE OF COMPETENCY**

ISSUED UNDER THE PROVISIONS OF THE INTERNATIONAL CONVENTION ON STANDARDS OF TRAINING, CERTIFICATION AND WATCHKEEPING FOR SEAFARERS, 1978, AS AMENDED

The Government of the Republic of the Union of Myanmar certifies that

**TUN TUN**

has been found duly qualified in accordance with the provisions of regulation

**II/2**

of the above Convention, as amended, and has been found competent to perform the following functions, at the levels specified, subject to any limitations indicated until:

**dd-mmm-yyyy**

(2)

| FUNCTION | LEVEL | Limitations applying (if any) |
|---|---|---|
| Navigation<br>Cargo handling and stowage<br>Controlling the operation of the ship and care for persons on board<br>Radiocommunications | Management | NONE |

The lawful holder of this certificate may serve in the following capacity or capacities specified in the applicable safe manning requirements of the Administration:

| CAPACITY | Limitations applying (if any) |
|---|---|
| MASTER | NONE |

Certificate No.......1DKxxxxxx ....... issued on ......dd-mmm-yyyy............

Date of revalidation ................dd-mmm-yyyy.......................................

Signature of holder

Director General
Department of Marine Administration

(3)

# လုပ်ဆောင်မှုအဆင့် (Operational Level) ကျွမ်းကျင်မှုလက်မှတ်ပုံစံ

**PARTICULARS OF HOLDER**



Name: **TUN TUN**
SIRB No.: xxxxxx
Date of birth: dd-mmm-yyyy
Gender: MALE
Distinguishing mark: xxxxxxxxxxx
Certificate No.: 3DKxxxxxx
Date of issue: dd-mmm-yyyy
Place of issue: Yangon

**Signature of holder**
Online verification: http://www.dmamyanmar.org

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR

မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေပုဒ်မ ၂၁ နှင့်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏
အမိန့်ကြော်ငြာစာအမှတ် xxx/၂၀xx
အရထုတ်ပေးသည်။

Issued under the provisions of the Myanmar Merchant Shipping Act Section 21 and the Notification No.xxx/20xx of the Ministry of Transport and Communications

TUN TUN

Who is entitled to serve in the capacity of

Deck Officer Class III

Officer in charge of a navigational watch

(1)

THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF TRANSPORT AND COMMUNICATIONS
DEPARTMENT OF MARINE ADMINISTRATION

**CERTIFICATE OF COMPETENCY**

ISSUED UNDER THE PROVISIONS OF THE INTERNATIONAL CONVENTION ON STANDARDS OF TRAINING, CERTIFICATION AND WATCHKEEPING FOR SEAFARERS, 1978, AS AMENDED

The Government of the Republic of the Union of Myanmar certifies that

**TUN TUN**

has been found duly qualified in accordance with the provisions of regulation

**II/1**

of the above Convention, as amended, and has been found competent to perform the following functions, at the levels specified, subject to any limitations indicated until:

**dd-mmm-yyyy**

(2)

| FUNCTION | LEVEL | Limitations applying (if any) |
|---|---|---|
| Navigation<br>Cargo handling and stowage<br>Controlling the operation of the ship and care for persons on board<br>Radiocommunications | Operational | NONE |

The lawful holder of this certificate may serve in the following capacity or capacities specified in the applicable safe manning requirements of the Administration:

| CAPACITY | Limitations applying (if any) |
|---|---|
| Officer in charge of a navigational watch | NONE |

Certificate No. 3DKxxxxxx issued on dd-mmm-yyyy

Date of revalidation dd-mmm-yyyy

Signature of holder

Director General
Department of Marine Administration

(3)

**နောက်ဆက်တွဲ(ခ)**

## ပံ့ပိုးမှုအဆင့် (Support Level) တတ်ကျွမ်းမှုလက်မှတ်ပုံစံ

### PARTICULARS OF HOLDER



Holo

| | |
|---|---|
| Name: | **TUN TUN** |
| SIRB No.: | xxxxxx |
| Date of birth: | dd-mmm-yyyy |
| Gender: | MALE |
| Distinguishing mark | xxxxxxxxxxxx |
| Certificate No. | DKPxxxxxx |
| Date of issue: | dd-mmm-yyyy |
| Place of issue: | Yangon |

**Signature of holder**

Online verification: http://www.dmamyanmar.org

**CERTIFICATE OF PROFICIENCY**
**FOR RATING AS ABLE SEAFARER DECK**

ISSUED UNDER THE PROVISIONS OF THE INTERNATIONAL CONVENTION ON STANDARDS OF TRAINING, CERTIFICATION AND WATCHKEEPING FOR SEAFARERS, 1978, AS AMENDED

The Government of the Republic of the Union of Myanmar certifies that

**TUN TUN**

has been found duly qualified in accordance with the provisions of Regulation II/5 of the above Convention, as amended, and has been found competent to perform the following functions, at the levels specified, subject to any limitations indicated until the date of expiry of this certificate.

<table>
<tr><th>FUNCTION</th><th>LEVEL</th><th colspan="2">Limitations applying(if any)</th></tr>
<tr><td>Navigation; Cargo handling and stowage; Controlling the operation of the ship and care for persons on board; Maintenance and repair</td><td>Support</td><td colspan="2">NONE</td></tr>
<tr><th colspan="2">CAPACITY</th><th colspan="2">Limitations applying(if any)</th></tr>
<tr><td colspan="2">Ratings as Able Seafarer Deck</td><td colspan="2">NONE</td></tr>
<tr><th>Certificate No.</th><th>Date of birth</th><th>Date of issue</th><th>Date of expiry</th></tr>
<tr><td>DKPxxxxxx</td><td>dd-mmm-yyyy</td><td>dd-mmm-yyyy</td><td>dd-mmm-yyyy</td></tr>
</table>

Signature of holder

Director General
Department of Marine Administration

(1)

နောက်ဆက်တွဲ(ဂ)

# ထပ်ဆင့်ထောက်ခံချက်လက်မှတ်ပုံစံ

THE GOVERNMENT OF THE REPUBLIC OF THE UNION OF
MINISTRY OF TRANSPORT AND COMMUNICATIONS
DEPARTMENT OF MARINE ADMINISTRATION



ENDORSEMENT ATTESTING THE RECOGNITION OF A CERTIFICATE UNDER THE PROVISIONS OF THE INTERNATIONAL CONVENTION ON STANDARDS OF TRAINING, CERTIFICATION AND WATCHKEEPING FOR SEAFARERS, 1978, AS AMENDED

The Government of the Republic of the Union of Myanmar certifies that the certificate No.

issued to KYAW KYAW LWIN by or on behalf of the Govenment of ----------------

is duly recognized in accordance with the provisions of regulation I/10 of the above Convention, as amended, and the lawful holder is authorized to perform the following functions, at the levels specified, subject to any limitations indicated until 12/6/2027

| FUNCTION | LEVEL | LIMITATIONS APPLYING (IF ANY) |
|---|---|---|
| | | |

The lawful holder of this endorsement may serve in the following capacity or capacities specified in the applicable safe manning requirements of the Administration.

| CAPACITY | LIMITATIONS APPLYING (IF ANY) |
|---|---|
| | |

Endorsement No. COR00000122 issued on 12/7/2022

Date of Birth: 11/6/1985

Signature of holder

Director General
Department of Marine Administration

The original of this endorsement must be kept available in accordance with regulation I/2, paragraph 11, of the Convention while its holder is serving on a ship.

NOTE ON FUNCTIONS

1. Navigation
2. Cargo handling and stowage
3. Controlling the operation of the ship and care for persons on board
4. Marine Engineering
5. Electrical, electronic and control engineering
6. Maintenance and repair
7. Radiocommunications

နောက်ဆက်တွဲ(ဃ)

# သီးခြားတတ်ကျွမ်းမှုလက်မှတ်ပုံစံ

THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF TRANSPORT AND COMMUNICATIONS
DEPARTMENT OF MARINE ADMINISTRATION



**CERTIFICATE FOR SHIPBOARD SAFETY OFFICER**

**ISSUED IN COMPLIANCE WITH THE MARITIME LABOUR CONVENTION, 2006, AS AMENDED**

This is to certify that the present certificate is issued to ZAYAR KHAT PAING MYINT who has attended and successfully completed the Shipboard Safety Officer Training, approved by the Department of Marine Administration, in compliance with the requirements under Regulation 4.3 and Standard A 4.3 of the above Convention and the "ILO code of practice entitled Accident prevention on board ship at sea and in port", 1996, as subsequent versions, and based on the IMO Model Course 3.11 and the International Safety Management (ISM) Code under the SOLAS Convention and has also met the additional criteria specified in other international standards and guidelines and codes of practice regarding occupational safety and health protection, applicable to the issue of the certificate.

| Certificate No. | Seafarer Book No. | Date of birth | Date of issue | Date of expiry | Issue at |
|---|---|---|---|---|---|
| 12345699 | 888888 | dd-mmm-yyyy | dd-mmm-yyyy | dd-mmm-yyyy | YANGON |

*Signature of the holder*

Director General
Department of Marine Administration